ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

crph.official.mm@gmail.com

ကြေညာချက် အမှတ် (၁/၂၀၂၁)

ဖေဖော်ဝါရီလ (၈) ရက် ၊ ၂၀၂၁ ခုနှစ်

၁။ ဖေဖော်ဝါရီလ (၅) ရက် ၊ ၂၀၂၁ ခုနှစ် တွင် ခေါ်ယူခဲ့သည့် ရွေးကောက်တင် မြှောက်ခံ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) အရေးပေါ် အစည်း အဝေး ၏ သဘောထား ထုတ်ပြန်ကြေညာချက်(၂/၂၀၂၁) အရ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ သည် ရွေးကောက်ခံ အစိုးရထံမှ အဓမ္မအာဏာ သိမ်းမှု အပါအဝင် လတ်တလော ဖြစ်ပေါ်လျက်ရှိသောနိုင်ငံရေးအခြေအနေ ပက်သက်၍ ကြေညာချက် ထုတ်ပြန်လိုက်သည်။

၂။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော တပ်မတော်ခေါင်းဆောင်တစ်ချို့က ၂၀၂၀ခုနှစ် နိုင်ဝင်ဘာလ (၈)ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲသမာမှုများ ရှိခဲ့နိုင်သည်ဟူသော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များဖြင့် တည်ဆဲ အစိုးရအဖွဲ့ဝင်များအား ဖမ်းဆီးထိန်းသိမ်းကာ နိုင်ငံတော်အာဏာအား ဥပဒေမဲ့ သိမ်းယူ ခဲ့သည်။

၃။ ယင်းသို့ ဥပဒေမဲ့ အာဏာသိမ်းယူမှုနှင့်အတူ အစိုးရခေါင်းဆောင်များ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းမှုတို့အား ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ပြည်သူလူထုက ညစဉ်သံပုံးတီးဆန္ဒပြခြင်းဖြင့်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများက (အများပြည်သူနှင့်အတူ အာဏာဖီဆန်ရေးလှုပ်ရှားမှု) Civil Disobedience Movement တွင်တစ်စထက်တစ်စ ပူးပေါင်း ပါဝင်လာခြင်းဖြင့် လည်းကောင်း၊ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့မှ စတင်ကာ ငြိမ်းချမ်းသော နည်းဖြင့် ဆန္ဒပြကန့်ကွက်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်းဖြင့်သော်လည်းကောင်း ထင်ရှားစွာ ပြသနေကြသည်။

၄။ ပြည်သူလူထု ၏ အင်တိုက်အားတိုက် စစ်တပ်အာဏာသိမ်းမှုကို ငြိမ်းချမ်းစွာ အာခံ ဆန့်ကျင်မှုများ က တပ်မတော်ခေါင်းဆောင်တစ်ချို့၏ အာဏာသိမ်းရခြင်းအကြောင်း ပြချက်ဖြစ်သည့် ရွေးကောက်ပွဲမဲစာရင်းများနှင့် ပက်သက်၍ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ရှိခဲ့နိုင်သည်ဟူသော အကြောင်းပြ ချက်မှာ လုံးဝ မှန်ကန်မှု

မရှိကြောင်း ထင်ရှားစွာ ပြသနေသည့် အပြင် ၊ ဥပဒေမဲ့ အာဏာ သိမ်းယူမှုသည် တပ်မတော် ခေါင်းဆောင် အချို့၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွား သက်သက်ဖြင့် ပြုလုပ်ခဲ့သည်ကိုလည်း မီးမောင်းထိုးပြ လျှက်ရှိသည်။

၅။ ဤသို့ဥပဒေမဲ့ အနိုင်အထက်ပြုကာ လက်နက်အားကိုး၍ ပြည်ထောင်စုအစိုးရကို ဖျက်သိမ်းရန် အားထုတ်မှုသည် ပြစ်မှုဆိုင် ဥပဒေ အခန်း(၆)ပါ ပြဌာန်းချက်များနှင့်ငြိစွန်းလျက် ပြည်ထောင်စု နိုင်ငံတော် အစိုးရကို ဆန့်ကျင်ကျူးလွန်သော ရာဇဝတ်ပြစ်မှုမြောက်သည့် လုပ်ရပ်သာဖြစ်သည်။

၆။ မိမိတို့ ကော်မတီအနေဖြင့် ဥပဒေမဲ့ အာဏာသိမ်းယူ၍ နိုင်ငံတော်ကို ဆန့်ကျင်သော လုပ်ရပ်အား ခေါင်းငုံ့မခံဘဲ အကြမ်းမဖက်သည့် နည်းမျိုးစုံဖြင့် ဆန့်ကျင်ကန့်ကွက်ကြသော မြန်မာနိုင်ငံတစ်ဝှမ်းမှ တိုင်းရင်းသားပြည်သူများ၏ တာဝန်ကျေပွန်မှု၊ ရဲရင့်ပြတ်သားမှုများကို အလေးအနက်ဦးညွတ် မှတ်တမ်းတင် အပ် ပါသည်။

၇။ အာဏာသိမ်းယူခြင်းကို ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ခဲ့ကြသော တိုင်းရင်းသား နိုင်ငံရေးပါတီများ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ချို့အား လေးနက်စွာ ကျေးဇူး တင်ရှိ ပါကြောင်း နှင့် မတရားမှုအား ဆန့်ကျင်ရာတွင် ဆက်လက်၍ ထောက်ခံအားပေးပါရန် တိုက်တွန်း အပ်ပါသည်။

၈။ နိုင်ငံသားတို့ မျှော်လင့်တောင့်တလျှက်ရှိသည့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ခြင်း ခရီးလမ်းအတွက် အနှောင့်အယှက် အဟန့် အတား မှန်သမျှအား ဖယ်ရှားပစ်နိုင်ရန်အလို့ငှာ လူမျိုးဘာသာမခွဲခြား နိုင်ငံရေး အင်အားစုများ အကြား နားလည်မှု၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုတို့ကို အထူးပင်လို အပ်လျှက်ရှိပါသည်။

၉။ ထိုဘုံပန်းတိုင် ရောက်ရှိအောင်မြင်ရေးအတွက် ကြိုးပမ်းသည့် ခရီးလမ်းအတွက် အနှောင့် အယှက်အဟန့်အတားများအပေါ် အသိသတိကြီးစွာ ထားရှိနိုင်ကြပါစေကြောင်း အလေးအနက် ဆန္ဒပြုလျက်၊ ထိုပန်းတိုင်ရောက်ရှိအောင်မြင်အောင် ကြိုးပမ်းမှုအတွက် ဤကော်မတီက ဦးလည် မသုန် ထမ်းရွက်မည် ဖြစ်ကြောင်း လေးနက်စွာ ကတိပြုပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ
၂၀၂၁ ခုနှစ်။